မြန်မာ့ဒီမိုကရေစီအရေးနှင့်လွတ်မြောက်ရေးခရီးရှည် ချီတက်ပွဲနှင့် အစာငတ်ခံဆန္ဒပြတိုက်ပွဲ
တတိယနေ့ – စက်တင်ဘာ ၃ ရက် ၂၀၀၄

မြန်မာ့ဒီမိုကရေစီအရေးနှင့်လွတ်မြောက်ရေးအတွက် အမေရိကန်ပြည်ထောင်စု ဒီမိုကရေစီအင်အားစုများ၏ ခရီးရှည်ချီတက်ပွဲနှင့် အစာငတ်ခံဆန္ဒပြပွဲ တိုက်ပွဲ တတိယနေ့အစီအစဉ်ကို ယမန်နေ့က အဆုံးသတ်ထားသော နယူးယောက်ပြည်နယ် Albany မြို့ မြောက်ဘက် ၁၂ မိုင်ကွာ တံတားထိပ်မှ စတင်ခဲ့ပါသည်။ ထိုတံတားထိပ်မှ နံပါတ် ၂ လမ်းမကြီး အတိုင်း အနောက်ဘက်သို့ ဦးတည်ချီတက် ၅ မိုင်အကွာတွင် နံပါတ် ၉ လမ်းမကြီးအတိုင်း တောင်ဘက် အော်ဗနီ မြို့ဆီသို့ ဦးတည်ချီတက်ခဲ့ပါသည်။ ၂ မိုင်ခန့် လျှောက်ပြီးနောက် Newton Ville မြို့တွင် ရပ်နားခဲ့သည်။ ညနေ ၂ နာရီတွင် ဗုဒ္ဓဘာသာသာသူတော်စင် ဂျပန် သီလရှင် Jun Yasuda က မေတ္တာဘာဝနာလွှမ်းခြုံထားသောကုလသမ္မဂခရီးလမ်းတွင်ကြိုဆို ကြမည့် မစ်ရှင် သာသနာပြုအဖွဲ့များ၏ စာရင်းများကို ရှင်းလင်းပြောပြခဲ့သည်။ ညနေ ၆ နာရီတွင် သူတော်စင် Jun Yasuda ကဆုတောင်း မေတ္တာများ ပို့ပြီး တတိယနေ့ အစီအစဉ်ကို ရပ်နားခဲ့သည်။ ထိုခရီးစဉ်အတွင်း အမေရိကန်ပြည်သူများက ကားပေါ်မှ ကားဟွန်းတီး၍ အားပေးခြင်း၊ ကားအရှိန်လျှော့၍မေးမြန်းခြင်း၊ Pamphlet ဝေခြင်းများ ပြုလုပ်ခဲ့သည်။ တတိယနေ့ မြန်မာ့လွတ်မြောက်ရေး ခရီးရှည်ချီတက်ပွဲတွင် ကိုမောင်မောင်တိတ်၊ ကိုဝင်းရွှေ၊ ဦးဟန်လင်း တို့နှင်းအတူ ပူးပေါင်းချီတက်ခဲ့ကြသူများမှာ အောက်ပါအတိုင်းဖြစ်သည်။

ကို မိုးမင်း (Overseas Karen Refugees Social Organization) Buffalo NY

ကို စောခူ (Overseas Karen Refugees Social Organization) Buffalo NY)

ကို ဝင်းတင် (ABSDF ရဲဘော်ဟောင်;) Buffalo NY

စတုတ္ထ နေ့ချီတက်မည့်အစီအစဉ်တွင် နယူးယောက်ပြည်အထက်ပိုင်း Ithaca မြို့မှ Ithacatimes သတင်းစာမှ Journorlist Miss Timperlim ကပူးပေါင်းပါဝင်လမ်းလျှောက်မည်ဖြစ်ပြီး သတင်းဆောင်းပါးရေးမည်ဖြစ်သည်။ စတုတ္ထ နေ့တွင် New York Upstate မြို့များမှ ကရင်၊ ရခိုင် တိုင်းရင်းသားများနှင့် မြန်မာ့ဒီမိုကရေစီ အင်အားစုများ ပူးပေါင်းချီတက်ကြမည်ဟု သတင်းရရှိသည်။

မြန်မာ့ဒီမိုကရေစီအရေးနှင့်လွတ်မြောက်ရေးခရီးရှည် ချီတက်ပွဲနှင့် အစာငတ်ခံဆန္ဒပြတိုက်ပွဲ
စက်တင်ဘာ ၄ ရက် ၂၀၀၄

နံက် ၁၂နာရီ ၅မိနစ်တွင်မှပြန်လည်စတင်နိုင်ခဲ့သော ချီတက်ပွဲသို့ နေ့လည် ၂နာရီ ၄၅ မိနစ်တွင် Utica မြို့မှ မြန်မာ့ဒီမိုကရေစီအင်အားစုများမှ လာရောက်ပူးပေါင်းခဲ့ကြသည်။

လာရောက်ပူးပေါင်းကြသူ များမှာ–

1. ဦးသုပညာနန္ဒ
2. ဦးမန်းသောင်းတင်
3. ဦးဌေးလွင်ဦး
4. ဦးစိုးထွန်း တို့ဖြစ်သည်။

ညနေပိုင်းတွင် fox23 နှင့် Capitalnews 9 တို့မှ လာရောက်သတင်းရယူပြီး ညနေ ၇နာရီ ၃၀ တွင် တစ်နေ့တာ ချီတက်ခြင်းကို ရပ်နားခဲ့ကြသည်။

မြန်မာ့ဒီမိုကရေစီအရေးနှင့်လွတ်မြောက်ရေးခရီးရှည် ချီတက်ပွဲနှင့် အစာငတ်ခံဆန္ဒပြတိုက်ပွဲ
စက်တင်ဘာ ၅ ရက် ၂၀၀၄

နံက် ၈နာရီ တွင် Ithaca Times သတင်းစာမှ သတင်းထောက်တစ်ဦးဖြစ်သူ Kimberlyn David ချီတက်ဆန္ဒပြသူများ၏ စတင်ချိန်မှ ယနေ့ထိ စခန်းချရာဖြစ်သော၊ အယ်လ်ဘာနီ ဘုန်းကြီးကျောင်းသို့ ရောက်ရှိလာပြီး ဦးဟန်လင်း၊ ဦးဝင်းရွှေ၊ ဦးမောင်မောင်တိတ်တို့ နှင့် တွေ့ဆုံမေးမြန်းမှုများပြုလုပ်ခဲ့သည်။ Kimberlyn မှ မြန်မာ့ဒီမိုကရေစီအင်အားစုများနှင့်အတူ တစ်ရက် အတူတကွလမ်းလျှောက်၍ သတင်းရယူရန် လာရောက်ခြင်းဖြစ်သည်။

နေ့လည် (၁၁)နာရီတွင် ယူတီကာမှလာရောက်သူများဖြစ်သည့် ဦးပညာနန္ဒ၊ ဦးဝင်းနိုင်၊ ကိုလတ်၊ မငွေးသွယ်၊ ဖြိုးအောင်( ၆နှစ်)၊ ကိုအေးသန်း၊ မချို (၁၀လ –ကိုယ်ဝန်ဆောင်မိခင်) သမီး နှင်းဝေဖြိုး (၉နှစ်)နှင့် စပယ်ဖြိုး (၁၁လ)၊
ကိုစိုးပိုင်၊ ချောစု၊ သား စိုးမိုးဦး (၆နှစ်)နှင့် ဇူးဇူး (၄နှစ်)၊ ကိုဝင်းအောင်၊ ကိုအောင်ဝင်း၊ ကိုစိုးရာဇာထွန်း၊ တင့်ဇော်တို့ နှင့် အတူ ယမန်နေ့က ရပ်နားခဲ့သောနေရာ( Ravenna မြို့ မှ ၇မိုင်ခန့်အကွာ) မှပြန်လည်စတင်ချီတက်ခဲ့ကြသည်။

နေ့လည် ၂နာရီ ၃၀မိနစ်တွင် အယ်လ်ဘာနီမြို့မှ Times Union သတင်းစာမှ Leigh Hornbeck မှ လာရောက်သတင်းရယူသည်။ ထိုအချိန်တွင်ပင် နယူးယောက်မြို့ မှ လာရောက်သော အင်အားစုများမှ ရောက်ရှိလာခဲ့ပြီး ပူးပေါင်းချီတက်ကြကာ၊ ညနေ ၇နာရီ ၃၀မိနစ်တွင် ရပ်နားခဲ့ကြသည်။

နယူးယောက်မြို့မှ လာရောက်သူများမှာ–

1. ကိုအောင်လွင်
2. ကိုဥာဏ်ဝင်းလတ်
3. ကိုရဲထွဋ်
4. ကိုအာနန်
5. မိုးချမ်း
6. Mr. David
7. မကေခိုင်
8. မဇွမ် (Zorm)
9. မစန္ဒီ
10. မနန်းစံနွံ
11. မနန်းမိုး တို့ဖြစ်သည်။

မနက်ဖြန်တွင်လည်း ယူတီကာမှ ကရင်တိုင်းရင်းသားများမှ လာရောက်ပူးပေါင်းချီတက်ကြမည်ဟု ကြားသိရသည်။